
ပဉ္စဂံစာအုပ်တိုက်

# Art 4 ပန်းပုနှင့်ဓာတ်ပုံအနုပညာစာစဉ်

mgyoe.com

















## ဇော်မျိုးထွန်း









designed by tin htoon

mgyoe.com
SAMPLE BOOK

# Art 4 ပန်းပုနှင့်ဓာတ်ပုံအနုပညာစာစဉ်







ART 4 6000 Ks
9 202375 253406

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com


mgyoe.com SAMPLE BOOK

ပဉ္စဂံ စာအုပ်တိုက်
အမှတ်-၁၀၃၀(ခ)၊ သမာဓိလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၈၀ ၃၁၈ ၁၄၆၊ ၀၉ ၉၇၂ ၈၂၅ ၈၁၇
pyinsagam@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com



# SCULPTURE and PHOTOGRAPHY (4)

# ပန်းပုနှင့်ဓာတ်ပုံအနုပညာ

တစဦ

(၄)



mgyoe

mgyoe.com SAMPLE BOOK

ပထမအကြိမ်ပုံနှိပ်ခြင်း
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း
ပန်းချီတင်ထွန်း

အတွင်းအပြင်အဆင်
လှမော်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက် - ၀၀၆၉၀)
အမှတ် ၃၆၂၊ ရွှေနှင်းဆီလမ်း၊ ၅ ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးဆန်းအောင်သူ (ပဥ္စဂံစာအုပ်တိုက်-၀၀၀၆၇)
အမှတ် - ၁၆၇(A)၊ ၃၅-လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


အမှာစာ ၇

၁။ ရှေးဟောင်းပန်းပု ၁၀
Ancient Sculpture

၂။ ဂရိနှင့်ရောမပန်းပု ၁၄
Greek and Roman Sculpture

၃။ ရီနေးဆန့်စ်ပန်းပု ၂၀
Renaissance Sculpture

၄။ ဂန္တဝင်သစ်နှင့် ဂန္တဝင်သစ်အလွန် ၂၄
Neoclasical and Beyond

၅။ မော်ဒန်ပန်းပု ၂၈
Modern Sculpture

၆။ ပန်းပုဆရာမ BABARA HEPWORTH ၃၂


mgyoe.com

၇။ ရှေးဦးဓာတ်ပုံပညာအစ	၃၈
Early Photography

၈။ မြွေမြစ်ကြီး	၄၂
Tetons-Snake River

၉။ ပြောင်းလဲတိုးတက်ခဲ့သော ကင်မရာ	၄၆
Evolution of the Camera

၁၀။ ဓာတ်ပုံပညာရပ် အမျိုးအစားများ	၅၀
Photography Types

၁၁။ JULIA MARGARET CAMERON	၅၄

၁၂။ ခက်ဆစ်	၆၀
Glosary

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

# အမှာစာ

SAMPLE BOOK

ပန်းချီစွယ်စုံကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များရှိသော်လည်း မြန်မာကလေးများအတွက် မြန်မာဘာသာဖြင့်ရေးသားထားသော စာအုပ်များကား ရှားပါးလှ၏။ ယခုခေတ်ကာလတွင် အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများတွင်ဂီတ၊ ပန်းချီ စသည်ဖြင့် အနုပညာနှင့်ပတ်သက်သော သင်ရိုးများ စိစဉ်ပြဋ္ဌာန်းပေးထားသည်ကို တွေ့မြင်နေရသည်။

ပန်းချီသင်ကြားရသည့် ရည်ရွယ်ချက်မှာ ကလေးများ၏

- အနုပညာစွမ်းရည် တိုးတက်စေခြင်း၊
- ဖန်တီးမှုစွမ်းရည် မြင့်မားစေခြင်း၊
- စိတ်ကူးစိတ်သန်းကောင်းများ ဖွံ့ဖြိုးစေခြင်း နှင့်
- ယဉ်ကျေးမှုသဘောကို သိနားလည်ပြီး နှလုံးသားကို နူးညံ့သိမ်မွေ့စေကြောင်း ထိုသို့တွေ့ရပေမည်။

ပန်းချီစွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် အနုပညာကို ချစ်မြတ်နိုးသူများအတွက် အထူးအကျိုးရှိစေပါသည်။ ထိုပန်းချီစွယ်စုံကျမ်းများ၌ -

၁။ ပန်းချီအနုပညာ၏သမိုင်း ၂။ နည်းပညာများနှင့်

၃။ နာမည်ကျော် ပန်းချီဆရာကြီးများ၏ လက်ရာများ ကို စုံလင်စွာ ဖော်ပြထားသည်။

ပန်းချီသင်ကြားလိုသူများ၊ ပန်းချီကို လေ့လာသူများနှင့် ပန်းချီအနုပညာကို ကောင်းမွန်စွာ နားလည်သူများအတွက် အသုံးဝင်သကဲ့သို့ ကလေးလူငယ်များအတွက်လည်း -

၁။ **ပန်းချီ၏သမိုင်းနှင့် ယဉ်ကျေးမှုကို ကောင်းမွန်စွာနားလည်စေရန်။** ပန်းချီစွယ်စုံကျမ်းများတွင် ပန်းချီ၏အမျိုးအစားများ၊ နာမည်ကျော်ပန်းချီဆရာကြီးများ၏ ရေးဆွဲမှုဟန် (Style) များနှင့် လက်ရာများကို ဖော်ပြထားသောကြောင့် ပန်းချီ၏သမိုင်းနှင့် ယဉ်ကျေးမှုကို ပိုမိုနားလည်စေရန် ကူညီပေးပါသည်။

၂။ **ပန်းချီရေးဆွဲနည်းများကို သင်ယူခြင်း။** ပန်းချီစွယ်စုံကျမ်းများတွင် အခြေခံ ပန်းချီရေးဆွဲနည်းများနှင့် အဆင့်မြင့်နည်းပညာများကို ဖော်ပြထားသောကြောင့် ပန်းချီသင်ယူလိုသူများအတွက် လေ့လာရန် အထူးကောင်းမွန်ပေသည်။

၃။ **ဖန်တီးမှုစွမ်းရည်တိုးတက်စေခြင်း။** စွယ်စုံကျမ်းများဖတ်ရှုခြင်းသည် ဖန်တီးမှုစွမ်းရည်ကို ပိုမိုထက်သန်စေပြီး မိမိ၏ ပန်းချီရေးဆွဲမှုကို မြှင့်တင်ရန် အထောက်အကူပြုပါသည်။

၄။ **ပန်းချီအနုပညာအား ထောက်ပံ့ပေးခြင်း။** စွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် ပန်းချီအနုပညာ၏ ဖြစ်စဉ်နှင့် ဖန်တီးမှုကို ထောက်ပံ့ပေးပြီး ပန်းချီဆရာများ၏ အတတ်ပညာကို ကျယ်ပြန့်စွာ မျှဝေပေးသည်။

ဤအချက်များကြောင့် ပန်းချီစွယ်စုံကျမ်းများ ထုတ်ဝေရခြင်းသည် ပန်းချီအနုပညာကို ချစ်မြတ်နိုးသူများအတွက် အလွန်အကျိုးရှိစေပါသည်။

- ဤစွယ်စုံကျမ်း၏ ထူးခြားချက်

ဤစွယ်စုံကျမ်း၏ ထူးခြားချက်မှာ အမြင်ဆိုင်ရာအနုပညာများမှ ပန်းပုနှင့် ဓာတ်ပုံအနုပညာရပ်များ ပါဝင်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ပန်းချီအနုပညာစာစဉ် (၁) ၊ (၂) ၊ (၃) အပြင် ပန်းပုနှင့် ဓာတ်ပုံအနုပညာစာစဉ် (၄) အဖြစ် ထုတ်ဝေခဲ့ပါသည်။ ထိုသို့ကြောင့် ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ အနုပညာစွယ်စုံကျမ်းအဖြစ် ဖော်ပြအပ်ပါသည်။

**ပဋ္ဌဂံစာအုပ်တိုက်**


mgyoe.com

mgyoe.com SAMPLE BOOK

# PTURE

## ပန်းပုပန်းခြံ
### Sculpture Park

ပန်းပုရုပ်တွေအများကြီးကို အပြင်ဘက်မှာ ခင်းကျင်းပြသထားပါတယ်။ ဖော်ပြထားတဲ့ ဒီပန်းပုရုပ်ကို "Mirror" "ကြည့်မှန်" လို့ ခေါ်ပါတယ်။ စပိန်ပန်းပုဆရာ Jaume Plensa က ပြုလုပ်ထားပြီး အင်္ဂလန်နိုင်ငံ Yorkshire မှာရှိတဲ့ ပန်းပုပန်းခြံမှာ မြင်တွေ့နိုင်ပါတယ်။







ပန်းပုဆိုတာ သုံးဖက်မြင် ရုပ်လုံးကြွ အနုပညာလက်ရာပါ။ မကြာခဏ လူသားရဲ့ပုံသဏ္ဍာန်ကို ဖော်ပြပါတယ်။ သစ်သား ဒါမှမဟုတ် ကျောက်တုံးကို ထွင်းထု ပြုလုပ်ပါတယ်။ သတ္တု ဒါမှမဟုတ် ပလာစတာနဲ့ ပုံသွန်းလုပ်သလို တခြားပစ္စည်းတွေနဲ့လည်း ပုံသဏ္ဍာန်ဖော်မှု ပြုလုပ်ကြပါတယ်။



mgyoe.com SAMPLE BOOK

# ရှေးဟောင်းပန်းပု
# ANCIENT SCULPTURE



တချို့ရှေးအလွန့်အလွန်ကျတဲ့ ပန်းပုအနုပညာလက်ရာတွေကိုကြည့်ရင်
သမိုင်းမတိုင်မီခေတ်က လူသားတွေဟာ ကျောက်တုံးတွေကနေ ပန်းပုရုပ်ထု ပြုလုပ်သလို
ကျောက်တုံးကြီးတွေထဲမှာပဲ ပန်းပုရုပ်တွေကို ထုလုပ်ခဲ့ကြပါတယ်။
ဒီရုပ်တုတွေဟာ အလွန်အရေးပါတဲ့ ဘာသာရေးအဓိပ္ပာယ်တွေဆိုတာကို ဆင်ခြင်သုံးသပ်လို့ရပါတယ်။
ကမ္ဘာတစ်ဝန်းက ပထမဆုံးမြို့ကြီးတွေဟာ စည်ပင်တိုးတက်ခဲ့ကြပြီး
အထိမ်းအမှတ် ပန်းပုရုပ်တုလက်ရာတွေကိုလည်း တည်ဆောက်ခဲ့ကြပါတယ်။
ဒီအထဲက တချို့ဟာ ယနေ့ထက်တိုင် တည်ရှိနေကြပါတယ်။
ဥပမာပြရရင် အီဂျစ်နိုင်ငံက ကြီးကျယ်ခမ်းနားတဲ့ စဖင့် (Sphinx) ရုပ်တုကြီးပါပဲ။

ဂူလိုဏ်ကြီးတွေနဲ့ ဘုရားကျောင်း
(ဂူကျောင်း) ကြီးတွေထဲမှာ
ကြီးမားတဲ့ ရုပ်တုတွေရှိနေတာဟာ
အိန္ဒိယလူမျိုးတွေရဲ့
စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တွေလို့
ယုံကြည်ကြပါတယ်။



mgyoe.com

# ကံကောင်းခြင်းအဆောင်လက်ဖွဲ့များ

## Lucky Charms

mgyoe.com

SAMPLE BOOK

တချို့ အစောဆုံးပန်းပုလက်ရာတွေကို သေးသေးငယ်ငယ်အဖြစ်နဲ့ အမြဲလိုလို ရှာဖွေတွေ့ကြရပါတယ်။ ပြည့်ပြည့်ဖြိုးဖြိုး၊ ဝဝကစ်ကစ် အမျိုးသမီးရုပ်တုလေးတွေကို ဥရောပတိုက် ဗဟိုမှာ တွေ့ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀,၀၀၀ နဲ့ ၁၀,၀၀၀ ကြားက လက်ရာလို့ ခန့်မှန်းကြပါတယ်။ ဒီရုပ်တုတွေမှာ လက်တွေ၊ ခြေထောက်တွေ မပါပါဘူး။ ဒါမှမဟုတ် မျက်နှာတောင် မပါပါဘူး။ ဒီသေးငယ်တဲ့ ရုပ်တုလေးတွေဟာ လက်ဖဝါးထဲ ဆုပ်ကိုင်ထားလို့ ရပါတယ်။ ဒါဟာ ကံကောင်းစေဖို့အတွက် ပြုလုပ်ထားတဲ့ အဆောင်လက်ဖွဲ့တစ်မျိုးဖြစ်ပြီး အမျိုးသမီးတွေ ကလေး မီးဖွားဖို့အတွက် ကူညီပေးတာမျိုးပါပဲ။



**Venus of Willendorf**

ဘီစီ ၂၅,၀၀၀။

ဒီရုပ်တုပုံလေးဟာ မူလလက်ရာ ထုံးကျောက် ရုပ်တုကို တုပြီး မိတ္တူ (ပုံစံတူ) ပြန်လည်ပြုလုပ်ထားတာပါ။ အမြင့် ၁၁ စင်တီမီတာ (၄.၅ လက်မ) ရှိပါတယ်။ ဩစတြီးယန်းနိုင်ငံ ရွာလေးတစ်ရွာက တွေ့ရှိခဲ့တာဖြစ်ပြီး ရုပ်တုနာမည်ကိုတော့ ရှာဖွေတွေ့ရှိပြီးတဲ့နောက်မှာမှ ပေးထားတဲ့ နာမည်ပါပဲ။

mgyoe.com

## ဦးဆောင်လမ်းပြခြင်း
## Leading The Way

SAMPLE BOOK

ယခုခေတ် အီရန်နိုင်ငံဒေသက ရှေးဟောင်း ပါသျှန်း (Persians) လူမျိုးတွေဟာ ကမ္ဘာကြီးမှာ ရာဇဝင်တွေရှိရ သမျှထဲ ပထမဆုံး ယဉ်ကျေးမှုလူ့အဖွဲ့အစည်းတစ်ခုပါ။ ဒီလူ့အဖွဲ့အစည်းဟာ ခေတ်မီတဲ့ ဗိသုကာလက်ရာတွေ၊ ပန်းချီတွေ၊ ရုပ်တုတွေနဲ့ သတ္တုလက်ရာတွေကို ထုတ်လုပ်ခဲ့ကြပါတယ်။ ပါသျှန်းလူမျိုးတွေရဲ့ ပန်းပုရုပ်တုတွေဟာ ယခုထိ ရှေးယခင်ပုံသဏ္ဌာန်အတိုင်း ဆက်လက်တည်ရှိနေပြီး နန်းတော်နံရံတွေနဲ့ ကျောက်ထရံ မျက်နှာပြင်တွေပေါ်မှာ တွေ့နိုင်ပါတယ်။



### ဦးခေါင်းနှစ်လုံးနှင့် ဂရစ်ဖင်
### Double-Headed Griffin

ဘီစီ ၅၀၀။


ရှေးဒဏ္ဍာရီဆိုင်ရာ ဖန်တီးမှုလက်ရာတစ်ခုဖြစ်ပြီး ပါသျှန်းလူမျိုးတွေရဲ့ မြို့တော် ပါစီပိုလစ် (Persepolis) မှာရှိတဲ့ ခမ်းနားကြီးကျယ်လှတဲ့ အဆောက်အဦတစ်ခုဆီက အစိတ်အပိုင်းတစ်ခုပါပဲ။ အနုပညာရှင်ရဲ့ ခံ့ညားယဉ်ကျေးဖွယ် လက်ရာမြောက်ကျွမ်းကျင်မှုကို လက်တွေ့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

## ဂီဇာမှ ကြီးကျယ်ခမ်းနားလှသော စဖင့်ရုပ်တုကြီး
## The Great Sphinx At Giza

ဘီစီ ၂၅၀၀။

Sphinx ရုပ်တုကြီးဟာ ခြင်္သေ့ခန္ဓာကိုယ်နဲ့ လူဦးခေါင်း ရုပ်တုပါ။ ဒီရုပ်တုဟာ အီဂျစ် ဖာရော့ဘုရင် Khafra ကို ကိုယ်စားပြုထုလုပ်ထားတာလို့ ခန့်မှန်းယူဆကြပါတယ်။ သူ့ရဲ့နောက်မှာ ပိရမစ် (Pyramid) ကြီးက မားမား ရပ်တည်နေပါတယ်။

ထုံးကျောက်တုံးကြီးတစ်တုံးတည်းကနေ ထုလုပ်ထားသော စဖင့်ရုပ်တုကြီး



# မီဆို အမေရိကန်ယဉ်ကျေးမှု
## Mesoamerican Culture

SAMPLE BOOK

Mesoamerican ယဉ်ကျေးမှုဒေသလို့သိကြတဲ့ အမေရိကအလယ်ဗဟိုက နေရာတစ်ခုမှာ ရှင်သန်တည်ရှိခဲ့တဲ့ လူမှုအဖွဲ့အစည်းတွေထဲက တစ်ခုပါ။ ဘီစီ ၁၅၀၀ နဲ့ အေဒီ ၁၂၀၀ ကြားမှာ ပေါ်ပေါက်ခဲ့ပါတယ်။ တစ်ခုသော မီဆို အမေရိကန်လူ့အဖွဲ့အစည်း ပျောက်ကွယ်သွားရင် နောက်ထပ် မီဆို အမေရိကန်ယဉ်ကျေးမှု လူ့အဖွဲ့အစည်းဟာ ပေါ်ထွက်လာပါတယ်။ နောက်ပိုင်း လူ့အဖွဲ့အစည်းထဲကလူတွေဟာ သူ့ရှေ့ကလူတွေရဲ့ စိတ်ကူးအကြံဉာဏ်တွေကို သယ်ဆောင်ယူခဲ့ကြသလို ရိုးရာယဉ်ကျေးမှုတွေကိုလည်း ပေါင်းထည့်ခဲ့ကြပါတယ်။ ပထမဆုံး မီဆို အမေရိကန် ယဉ်ကျေးမှုကတော့ (Olmec) ယဉ်ကျေးမှုပဲဖြစ်ပြီး သူတို့ဟာ အလွန်ကြီးမားတဲ့ ကျောက်တုံးရုပ်တုကြီးတွေ ပြုလုပ်ခဲ့ကြပါတယ်။



▶ **Olmec Head**

အေဒီ ၉၀၀ မတိုင်မီ။

Olmec လူမှုအဖွဲ့အစည်းရဲ့ယဉ်ကျေးမှုလက်ရာဖြစ်တဲ့ ဒီဦးခေါင်းပုံဟာ မက္ကဆီကိုနိုင်ငံ ဗဟိုတောင်ပိုင်းမှာ ယနေ့ထိ တည်ရှိနေပါတယ်။ ဒီ Olmec ဦးခေါင်းဟာ အလွန်ကြီးမားတဲ့ ကျောက်တုံးခေါင်းကြီးဖြစ်ပြီး ၃ မီတာ (၉ ပေ) အရှည် အမြင့်ရှိပါတယ်။

### သင်္ကေတရုပ်တုများ
### Symbolic Statues

ရှေးအီဂျစ်တွေရဲ့ အနုပညာလက်ရာတွေဟာ နတ်ဘုရားတွေနဲ့ ချိတ်ဆက်ထားသလို သေလွန်ပြီး နောက်ဘဝနဲ့လည်း ချိတ်ဆက်ထားပါတယ်။ ဘုရားကျောင်း (ဂူကျောင်း) ကြီးတွေနဲ့ နာရေးဆောင်ခန်းမကြီးတွေအတွင်းထဲမှာ အီဂျစ်လူမျိုး ဖာရော့စ် (Pharaohs) ဘုရင်တွေ၊ တော်ဝင်မျိုးနွယ်တွေနဲ့ နတ်ဘုရားတွေရဲ့ရုပ်တုကြီးတွေ ရှိပါတယ်။ တချို့ကတော့ သေးငယ်တဲ့ ရွှံ့စေးရုပ်တု (ဒါမှမဟုတ်) သစ်သားရုပ်တုတွေအဖြစ် ရှိနေပါတယ်။ အီဂျစ်ရုပ်တုတွေဟာ အီဂျစ်ပန်းချီတွေရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာပြီး ထုလုပ်ထားတာပါ။ အမျိုးသားရုပ်တုတွေဟာ အမျိုးသမီးရုပ်တုတွေထက် ပိုကြီးမားပြီး ရုပ်ပုံတွေဟာ မြင့်မားတဲ့ ကိုယ်ဟန်ပုံစံ ရှိကြပါတယ်။ ရပ်နေတဲ့ ရုပ်ပုံတွေဟာ ခြေထောက်တစ်ချောင်းကို ရှေ့ထုတ်ထားပြီး ထိုင်နေတဲ့ရုပ်တုတွေကတော့ သူတို့တွေကို ပေါင်ပေးမှာ တင်ထားကြပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

# ဂရိနှင့်ရောမ ပန်းပု
# GREEK AND ROMAN SCULPTURE



ရှေးဟောင်း ဂရိနဲ့ ရောမရုပ်တုတွေဟာ လူ့အဖွဲ့အစည်းအတွင်းက
အလွန်အရေးကြီးတဲ့ ရုပ်ပုံသဏ္ဍာန်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ ပြုလုပ်ခဲ့ကြတာပါ။
ဒီရုပ်ပုံတွေကို အများပြည်သူနဲ့သက်ဆိုင်တဲ့ နေရာတွေမှာ မကြာခဏ ခင်းကျင်းပြသလေ့ ရှိခဲ့ပါတယ်။
ဒီလို ခင်းကျင်းဖော်ပြတဲ့နေရာမှာ အလွန်အရေးကြီးသူတွေအပြင်
မြင့်မြတ်တဲ့သူရဲကောင်းတွေ၊ အားကစားသမားတွေ၊
ဒဏ္ဍာရီလာရုပ်ပုံတွေကိုလည်း ဖော်ပြခဲ့ကြပါတယ်။
ဒီပန်းပုရုပ်တုတွေဟာ ထုလုပ်ခံရသူတွေကိုယ်တိုင် ဂုဏ်ယူဖွယ်ကောင်းလှပြီး
အချိုးအစားကျနမှုနဲ့အတူ အလုံးစုံပြီးပြည့်စုံတဲ့အထိ ထုတ်လုပ်ထားတဲ့ ရုပ်ပုံတွေပါပဲ။

ဇနီးမောင်နှံ၏ကျောက်ခေါင်းတလား

## Sarcophagus of the Spouses

ရောမအင်ပါယာခေတ်မတိုင်မီ အီတလီလူ့အဖွဲ့အစည်းယဉ်ကျေးမှုတစ်ခု

- ဘီစီ ၅၂၀
- မြေနီ၊ မြေညို


အီတလီ ရောမမြို့အနီးနားက မြို့တစ်မြို့ဖြစ်တဲ့ Etruscan က မြေနီထည် ပန်းပုလက်ရာဖြစ်ပါတယ်။ ဒါဟာ မီးသင်္ဂြိုဟ်ပြီးတဲ့နောက် အကြွင်းအကျန်တွေကို လူသားရုပ်ကလပ်အဖြစ် ထားရှိတာပါ။ တကယ်တော့ ဒါက ကျောက်ခေါင်းတလားပါပဲ။ ရှေးအခါတုန်းကဆိုရင် လက်ထပ်ပြီး ဇနီးမောင်နှံနှစ်ယောက်ဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဂုဏ်ပြုထမင်းစားပွဲ တက်ရောက်ပုံကို ဆေးရောင်စုံပန်းချီ ရေးဆွဲပြသထားခဲ့ကြပါတယ်။ ဒါဟာ နတ်ဘုရားတွေကို သူတို့ကွယ်လွန်ပြီးတဲ့နောက် သူတို့ ဘယ်လိုနေထိုင်သင့်တယ်ဆိုတာကို ညွှန်ပြပေးနေတာပါ။

mgyoe.com

▶ လက်ဆုံထမင်းစားပွဲ

## Dining Together

Etruscan လူမှုအဖွဲ့အစည်းမှာ အမျိုးသမီးနဲ့အမျိုးသား အတူတကွ ဂုဏ်ပြုထမင်းစားပွဲ တက်ရောက်ကြပါတယ်။ ဒီပန်းပုလက်ရာမှာ ခင်ပွန်းဖြစ်သူက သူ့ဇနီးသည်အပေါ် ချစ်ခြင်းမေတ္တာ သက်ဝင်နေပုံကို ရှင်းလင်းပေါ်လွင်အောင် ပြုလုပ်ထားပါတယ်။



အမျိုးသမီးရုပ်ပုံမှာ နူးညံ့တဲ့ဦးထုပ် (Cap) ကို ဆောင်းထားသလို ဦးချွန်ဖိနပ်ကိုလည်း ဝတ်ဆင်ထားပါတယ်။ သူတို့ရဲ့ဝတ်စုံတွေဟာ Etruscan ဝတ်စားဆင်ယင်မှုစစ်စစ်ပါပဲ။




## Kouroi and Korai

- ဘီစီ ၅၀၀
- စကျင်ကျောက်

ဘီစီ ၈၀၀ လောက်က အစောဆုံး ဂရိပန်းပုတွေဟာ အီဂျစ်တွေဆီကနေ ညာဏ်ကွန့်မြူး ရှာန်ဝင်စားပြီး ပြုလုပ်ခဲ့ကြပါတယ်။ ဘီစီ ၆၁၅ လောက်ရောက်တဲ့အခါ အီဂျစ်ရော ဂရိပါ တစ်ခုချင်းစီ သီးခြားအီဂျစ်ဟန်အတိုင်း ပြုလုပ်ခဲ့ကြပါတယ်။ ဖော်ပြထားတဲ့ရုပ်ပုံဟာ အဝတ်အစားမပါတဲ့ အမျိုးသား ရုပ်ပုံဖြစ်ပြီး လွတ်လွတ်လပ်လပ် ရပ်နေသလို လက်တွေကိုလည်း ဘေးကိုချထားပါတယ်။ ခြေထောက်တစ်ချောင်းကတော့ ရှေ့ကိုလှမ်းနေပါတယ်။ ဒီရုပ်ပုံနာမည်ကို Kouroi လို့ ခေါ်ပါတယ်။ အမျိုးသမီး ပန်းပုပုံကိုကြည့်ရင် အမျိုးသား ပုံစံအတိုင်း အရွယ်ပမာဏ အတူတူပြုလုပ်ထားပြီး အဝတ်အစား ဝတ်ထားပါတယ်။ သူ့ကိုတော့ Korai လို့ ခေါ်ပါတယ်။





## အမျိုးသမီးတောလိုက်မုဆိုး Artemis
## Artemis the Huntress

SAMPLE BOOK


- အေဒီ ၂ရာစု
- စကျင်ကျောက်

ဂရိ ပန်းပုဆရာတွေဟာ ချို့ယွင်းချက်မရှိ အပြစ်အနာအဆာကင်းတဲ့ ရုပ်ပုံတွေကို ဖန်တီးဖို့ ရည်ရွယ်ခဲ့ကြပါတယ်။ ဂန္တဝင်ခေတ် (Classical) အစကနေ ဟယ်လန်းနစ်ခေတ်ကာလ (Hellenistic Period) အထိ (ဘီစီ ၄၈၀ ကနေ ၄၃၁ အထိ) ပန်းပုဆရာတွေဟာ ပကတိ သက်ဝင်ရုပ်ပုံတွေကို ထုလုပ်ခဲ့ကြပါတယ်။ သူတို့ပြုလုပ်ပြီး ထုလုပ်ခဲ့တဲ့ ရုပ်ပုံတွေကိုကြည့်ရင် ပြီးပြည့်စုံတဲ့ အချိုးအစားကျနမှု၊ မျက်နှာတွေပေါ်မှာ ခံစားချက်ကို ထိထိမိမိပေါ်လွင်အောင် ဖော်ပြနိုင်မှု၊ ပြုမူလှုပ်ရှားမှုတွေ ပေါ်လာအောင် ထုလုပ်မှု၊ ခြေထောက်တစ်ဖက်ကို အနည်းငယ် ရှေ့ကိုလှမ်းနေမှု စတဲ့ အချက်တွေကို တွေ့မြင်ရပါတယ်။ ယခု ဖော်ပြထားတဲ့ ပန်းပုရုပ်တုဟာ ရောမခေတ်နှောင်းပိုင်းက မိတ္တူလက်ရာဖြစ်ပြီး အဲဒီခေတ်ကာလက ဂရိပန်းပုလက်ရာကို တုပပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK



သံပြားပိုင်းပစ်အားကစားသမား

## Discobolus

အလွန်ကြိုက်နှစ်သက်ကြသော ဂရိဂန္ထဝင်ရုပ်ပုံ

- အေဒီ ၂ ရာစု
- စကျင်ကျောက်

ပကတိ လူ့အရွယ်အစားအတိုင်း ပြုလုပ်ထားတဲ့ ရောမ စကျင်ရုပ်တုပါ။ ဒီရုပ်တုဟာ မိတ္တူဖြစ်ပြီး မူလ ဂရိလက်ရာ ကြေးပန်းပုရုပ်တုကတော့ ပျောက်ဆုံးသွားခဲ့ပါတယ်။ မူရင်းရုပ်တုကို ဘီစီ ၄၆၀ - ၄၅၀ လောက်က ပြုလုပ်ခဲ့တာဖြစ်ပြီး နာမည်ကျော် ဂရိပန်းပုဆရာ Myron က ပြုလုပ်ခဲ့ပါတယ်။ ဒီလက်ရာကို အဲဒီ့ခေတ်ကလူတွေ အလွန်ကြိုက်နှစ်သက်ကြတာကြောင့် စကျင်ရုပ်တု၊ ကြေးရုပ်တု မိတ္တူပေါင်းများစွာ ပြုလုပ်ခဲ့ကြပြီး ဈေးနှုန်းလည်း သက်သာခဲ့ပါတယ်။ အဲဒီ့ရုပ်တုတွေမှာ အောင်မြင်ကျော်ကြားတဲ့ ဂရိ ပန်းပုဆရာတွေရဲ့ လက်မှတ်တွေပါရှိပြီး ဒီပန်းပုဆရာတွေဟာ နောက်ပိုင်းပေါ်ပေါက်လာတဲ့ ဂရိနဲ့ ရောမက ပန်းပုဆရာတွေအပေါ် ကြီးမားတဲ့ ဩဇာလွှမ်းမိုးမှုတွေ ရှိခဲ့ပါတယ်။


သေအံ့ဆဲဆဲ Gaul

## The Dying Gaul

ရောမသရုပ်မှန်မှုပေါင်းထည့်ထားသော ရုပ်တု

- အေဒီ ၃ ရာစု
- စကျင်ကျောက်

ရောမပန်းပုဟာ ဂရိအနုပညာရဲ့ ပြီးပြည့်စုံခြင်းကို ရှာဖွေခဲ့ပါတယ်။ ဒါပေမဲ့ ရောမပန်းပုဆရာတွေဟာ ထူးကဲပြောင်မြောက်တဲ့ သရုပ်မှန်မှု (Realism) ကို ပေါင်းထည့်ခဲ့ကြပါတယ်။ ထိပ်တန်းကျပြီး အဆင့်မြင့်ကောင်းမွန်တဲ့ သူတို့ရဲ့ ပန်းပုရုပ်တုတွေကို ရောမပန်းပုဆရာတွေဟာ ကြေးနဲ့ စကျင်ကျောက်ကိုပဲ အသုံးပြုပြီး ထုလုပ်ခဲ့ကြပါတယ်။ ယခုဖော်ပြထားတဲ့ ရုပ်တုပုံဟာ အေဒီ ၁ ရာစုနဲ့ ဒါမှမဟုတ် ၂ ရာစုလောက်က မူလပန်းပုလက်ရာတစ်ခုကို တုပထားတဲ့ မိတ္တူပါ။ ဖော်ပြထားတဲ့ စစ်သူရဲကောင်းပုံဟာ သေလောက်အောင် ဒဏ်ရာရထားပုံပါပဲ။ သူ့ရဲ့မျက်နှာပေါ်က နာကျင်ခံစားရမှုဟာ မချိတင်ကဲဖြစ်ပေါ်နေပြီး ကိုယ်ခန္ဓာကို လှည့်ထားတဲ့ ကိုယ်ဟန်ပုံစံကို ပြုလုပ်ထားပါတယ်။




mgyoe.com

# Terracotta စစ်တပ်

## Terracotta Army

SAMPLE BOOK

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချိုင့်တွင်းကြီးတစ်ခုကနေ မထင်မှတ်ဘဲတွေ့ရှိခဲ့တဲ့ Terracotta စစ်သူရဲကောင်းတွေရဲ့ ပကတိလူသားအတိုင်း ထုလုပ်ထားတဲ့ ပန်းပုရုပ်တုတွေပါ။ ဒါကို ၁၉၇၄ ခုနှစ်မှာ တွေ့ရှိခဲ့ပြီး ရုပ်တုပေါင်း ၆,၀၀၀ ကျော် ရှိပါတယ်။ သူတို့ဟာ ဘီစီ ၂၁၀-၂၀၉ ခုနှစ်က တရုတ်ပြည် ပထမဆုံးအင်ပါယာဧကရာဇ်မင်းကြီးရဲ့ စျာပန မြေချအခမ်းအနားမှာ မင်းကြီးရဲ့ဂူသင်္ချိုင်းကို ကာကွယ်စောင့်ရှောက်ဖို့နဲ့ မင်းကြီးရဲ့ နောင်ဘဝတွေမှာ လိုက်ပါစောင့်ရှောက်ဖို့အတွက် (မြှုပ်နှံထားခြင်း) ဖြစ်ပါတယ်။ စစ်သူရဲကောင်းတွေအားလုံးရဲ့ မျက်နှာတစ်ခုချင်းစီကို ရုပ်ရည်ပေါ်လွင်အောင် ထုလုပ်ထားပါတယ်။



mgyoe.com


mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ရီနေးဆန့်စ် ပန်းပု
# RENAISSANCE SCULPTURE



၁၅ ရာစု အီတလီမှာ ဂရိနဲ့ ရောမခေတ်က ဆက်လက်တည်ရှိနေတဲ့
ပန်းပုလက်ရာတွေကို စတင်ဖော်ထုတ်ခဲ့ကြပါတယ်။
အီတလီ ပန်းပုဆရာတွေဟာ ဒီလက်ရာတွေကို ဉာဏ်ကွန့်မြူးကြပြီး
အနုပညာအပေါ် ဂန္ထဝင်နည်းနာတွေနဲ့ ချဉ်းကပ်ခဲ့ကြပါတယ်။
သူတို့ပြုလုပ်ထုဆစ်ခဲ့တဲ့ အရာအားလုံးဟာလည်း ထူးထူးခြားခြား
အသက်ဝင်မှုတွေနဲ့ ပေါ်ထွက်လာခဲ့ပြီး ဖန်တီးထုဆစ်ခဲ့တဲ့ လက်ရာတွေကိုကြည့်ရင် ...
သူတော်စင်ရုပ်တုတွေ၊ သမ္မာကျမ်းလာ အဖြစ်အပျက်တွေ၊ ဒဏ္ဍာရီဆိုင်ရာရုပ်ပုံတွေ
ပြီးတော့ ချမ်းသာကြွယ်ဝသူတွေနဲ့ ဩဇာအာဏာရှိသူတွေရဲ့ရုပ်ပုံတွေပါပဲ။

## ကောင်းကင်ဘုံမုခ်ဦး
## The Gates of Paradise

အေဒီ ၁၄၂၅ ခုနှစ်မှာ ဖလောရင့်ဒေသ နှစ်ခြင်းအသင်းတော်ကနေပြီး ကြီးမားတဲ့ တံခါးမကြီးတစ်ခုပေါ် ဒီဇိုင်းပြုလုပ်ပေးဖို့ ရွှေပန်းထိမ်ပညာရှင် Lorenzo Ghiberti ကို အလုပ်အပ်နှံခဲ့ပါတယ်။ တံခါးမုန်ပုံကွက်ပေါ် သမ္မာကျမ်းလာ မြင်ကွင်းပြကွက်ကို ပြသဖို့အတွက် ရုပ်ကြွ ထုလုပ်ပုံသွန်းပေးဖို့ပါပဲ။ ထုလုပ်ပြီးစီးသွားတဲ့ ဒီတံခါးကြီးဟာ အံ့ချီးဖွယ် လက်ဖျားခါရလောက်အောင် ကောင်းမွန်လှတဲ့ လက်မှုအတတ်ပညာလက်ရာပါပဲ။ Renaissance ခေတ်ရဲ့ အနုပညာရှင်ကြီး မိုက်ကယ်အိန်ဂျယ်လိုဟာ ဒီလက်ရာကို အလွန်ကြိုက်နှစ်သက်တာကြောင့် နာမည်တစ်ခု ပေးပြီး တင်စားခေါ်ဝေါ်ခဲ့ပါတယ်။ (The Gates of Paradise) ကောင်းကင်ဘုံမုခ်ဦးလို့ ခေါ်ဝေါ်ခဲ့တာပါပဲ။

mgyoe.com SAMPLE BOOK

### ▼ The Gates of Paradise

အေဒီ ၁၄၂၅ - ၁၄၅၂။
လက်မှုပညာရှင် Lorenzo Ghiberti
ကြေး (နီညို) နဲ့ ပြုလုပ်ထားတဲ့ သမ္မာကျမ်းစာဟောင်းလာ ရှုခင်းပြကွက်ဟာ အသက်ဝင်လှသလို
အလွန် အနုစိတ်ပြုလုပ်ထားတဲ့ လက်ရာပါပဲ။





mgyoe.com

mgyoe.com SAMPLE BOOK

မိုက်ကယ်အိန်ဂျယ်လိုဟာ ရီနေးဆန့်စ် အမြင့်မားဆုံးခေတ်ကာလ (Hight-Renaissance) ရဲ့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆင်ခြင် သုံးသပ်နိုင်စွမ်းရှိသူ၊ ထူးချွန်ပြောင်မြောက်တဲ့ ပန်းပုဆရာကြီးပါ။ အေဒီ ၁၄၉၅ ခုနှစ်ကနေ ၁၄၉၉ မှာ "Pieta" ရုပ်တုကို ဖန်တီးပြုလုပ်ခဲ့ပါတယ်။ ခရစ်တော် (Jesus) ရဲ့ ခန္ဓာကိုယ်ဟာ သူ့ရဲ့မယ်တော် မာရီ (Mary) ရဲ့ ပေါင်ပေါ်မှာရှိနေပြီး ဒီအဖြစ်အပျက်ဟာ ခရစ်တော် လက်ဝါးကပ်တိုင်ပေါ် ကားစင်တင်ခံရပြီးနောက်မှာဖြစ်တဲ့ မြင်ကွင်းကို ဖော်ပြထားတာပါ။ ဒီရုပ်တုဟာ အီတလီမှာ ရှိနေပါတယ်။ အရှိအတိုင်း သဘာဝကျမှု (Naturalism) နဲ့ ပြေပြစ်လိုက်ဖက်နေတဲ့ အလှတရားဟာ ပေါ်လွင်လှပါတယ်။ ဒီရုပ်တုကို ထုလုပ်ပြီး နောက်ထပ် ၅ နှစ်ကြာတဲ့အခါမှာ နောက်ထပ် ကြီးမားတဲ့ စကျင်ရုပ်တုကြီးတစ်ခုကို ဖလောရင့်စ် (Florence) ဒေသမှာ အပြီးအစီး ထုလုပ်ပါတယ်။ အဲဒီရုပ်တုကတော့ သမ္မာကျမ်းရဲ့ သူရဲကောင်း ဒေးဗစ် (David) ရုပ်တုပါပဲ။

မိုက်ကယ်အိန်ဂျယ်လိုဟာ "Pieta" ရုပ်တုကို စကျင်ကျောက် တစ်ချပ် (တစ်ပြား) တည်းနဲ့ ထုလုပ်ခဲ့ပါတယ်။ ရှေးရောမခေတ်မှာ စကျင်ကျောက်ဟာ သူတို့ အကြိုက်နှစ်သက်ဆုံး ပစ္စည်းအထည်ပါ။

**▶ Pieta**

အေဒီ ၁၄၉၉။
ပန်းပုဆရာ Michelangelo။
လူငယ်တစ်ဦး - မယ်တော်မာရီမှ ပွေ့ကိုင်ရင်းကြည့်နေပုံ။
ကွယ်လွန်သွားသော သူမရဲ့သားတော် Jesus။



## ရှည်မျောမျောရုပ်ပုံသဏ္ဍာန်များ

### Elongated figures

mgyoe.com SAMPLE BOOK



တချို့ ပန်းပုဆရာတွေဟာ မိုက်ကယ်အိန်ဂျယ်လိုလမ်းကြောင်းအတိုင်း လိုက်ခဲ့ကြပြီး အလုတန်ဆာဆင်မှုဟန်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ခဲ့ကြပါတယ်။ ရှည်မျောမျောပုံသဏ္ဍာန်တွေနဲ့ ကိုယ်ခန္ဓာအလှည့်အပြောင်းပုံစံတွေ ပြုလုပ်ခဲ့ကြပြီး ဟန်ပန်မူရာပန်းချီဟန် (Mannerist Style) အတွက် လမ်းခင်းပေးခဲ့ကြပါတယ်။ ဟန်ပန် မူရာ ပန်းပုဆရာ ဖလမ်းမစ်ရှ် (အီတလီလူမျိုး Giambologna) ဟာ သူ့ပန်းပုရုပ်တုတွေရဲ့ ကိုယ်ဟန်အနေအထားကို ရွေ့လျားနေတဲ့ပုံပေါ်လာအောင် ဖန်တီးပြုလုပ်ခဲ့ပါတယ်။

▸ **Cosimo De Medici**

အေဒီ ၁၅၉၄။ ပန်းပုဆရာ Giambologna
Cosimo De Medici ဟာ ဖလောရန့်စ် (Florence) ဒေသမှာ အလွန်ချမ်းသာကြွယ်ဝသလို သြဇာအာဏာကြီးမားသူပါ။ ဒီရုပ်တုဟာ သူ့ရုပ်တုပုံဖြစ်ပြီး ရှေးရောမခေတ် ရုပ်တုပုံစံကို တုပြီး ထုလုပ်ထားပါတယ်။ မြင်းခြေထောက်တစ်ချောင်းဟာ အပေါ်ကိုမြင့်တက်နေဟန် ပုံပါ။

## Baroque ဟန်

### Baroque Style



၁၇ ရာစုကိုရောက်တဲ့အခါ ပန်းပုဆရာတော်တော်များများဟာ ဟန်ပန်မူရာဝါဒ (Mannerism) ဟန်ပုံစံတွေကို ဆန့်ကျင်တုံ့ပြန်လာကြပါတယ်။ သူတို့ရည်ရွယ်တာက မိုက်ကယ်အိန်ဂျယ်လိုရဲ့ အားကောင်းသန်မာမှု၊ အင်အားရှိမှု၊ ပြေပြစ်လိုက်ဖက်မှု ဟန်တွေကိုပါပဲ။ ပန်းပုဆရာ Gian Lorenzo Bernini ဟာ ခမ်းနားပြောင်မြောက်တဲ့ Baroque ဟန်ကို ထုလုပ်ဖော်ပြခဲ့ပြီး သူဖန်တီးတဲ့ ပန်းပုရုပ်ပုံတွေကို ကြည့်ရင် ရွေ့လျားနေမှု (Moving)၊ ခံစားချက်ကို ထိမိအောင် ဖော်ပြမှု (Expressing emotions) နဲ့ အရှိအတိုင်း သရုပ်မှန်မှု (Realism) တို့ ပါဝင်ပါတယ်။ သူဟာ ခက်ခက်ခဲခဲကိုမှ ပြုလုပ်နိုင်တဲ့ စွမ်းရည်ရှိသလို အေးစက်တဲ့ စကျင်ကျောက်ကို နူးညံ့ပြီး နွေးထွေးတဲ့ အရေပြားနဲ့တူအောင် ပြုလုပ်နိုင်သူပါပဲ။

▸ **David**

အေဒီ ၁၆၂၄။ ပန်းပုဆရာ Gian Lorenzo Bernini
ကိုယ်ဟန်အနေအထား ရစ်လိမ်ထားတဲ့ David က Goliath ကို ကျောက်တုံးတစ်တုံးနဲ့ပစ်တဲ့ ပုံဟန်ပါ။

mgyoe.com